မုတ်လွဲကျေးရွာ၊ ဝိုင်းမော်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆-၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မုတ်လွဲကျေးရွာ၊ ဝိုင်းမော်မြို့နယ်

၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကူညီရေးဆွဲသည်

မာတိကာ

မာတိကာ ၁

စကားချီး ၅

မုတ်လွဲကျေးရွာအရင်းအမြစ်ပြဓြေပုံ၊ ဝိုင်းမော် မြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၈

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမှီရယူမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၅

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ် ကျသောချိတ်ဆက်မှုများ ၁၈

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၉
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရွေးချယ်မှုများ ၂၆

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၈
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၃၁

(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ
ဇယား ၇ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှုအခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာပြိုးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသောရောဂါများ
ဇယား ၃၂ ကျန်းမာရေးအထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား ၄၀ ယာဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၅၇

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၀

ဇယား ၄၅ မခန္ဓီးကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်-ပြဿနာများအားဆန်းစစ်လေ့လာခြင်း
ကိုးကားစာရင်း ၆၆
အပိုင်း (ခ) စီမံကိန်းဆိုင်ရာ အချက်အလက် ၆၇
စီမံကိန်းဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသောမွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊

ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာ များဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ(၃၁)ရက်၊ ၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မုတ်လွဲကျေးရွာ
ဝိုင်းမော်မြို့နယ်

မုတ်လွဲကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဝိုင်းမော်မြို့နယ်



ရည်ညွှန်း (ကျေးရွာ၏အခြေအနေကို ရွာသူ/သားများကိုယ်တိုင် ရေးဆွဲအကောင်အထည်ဖော်ထုတ်သုံးသပ်ခြင်း) (၁၄-၁၆ရက်၊ဇူလိုင်လ၊၂၀၁၅ခုနှစ်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကိုနိုင်ငံတော်၏အကူ အညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်း များ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သောအဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွနုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွနုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့်

စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ မုတ်လွဲကျေးရွာ၏ တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာအုပ်စုရှိ မုတ်လွဲကျေးရွာသည် ဧရာဝတီမြစ်ကမ်းနဘေးတွင် ရှိသော ရွာတစ်ရွာဖြစ်သည်။ ဝိုင်းမော်မြို့နှင့် (၄) မိုင်ခန့်ကွာဝေးပြီး ၊ မြစ်ကြီးနားမြို့နှင့် (၁၈)မိုင်ခန့်၊ ကွာဝေးပါသည်။ လိုင်ဇာ – မြစ်ကြီးနား ကားလမ်းမ နှင့် ထိစပ်နေသော ကုန်သွယ်မှု အချက်အခြာကျသည့် ရွာတစ်ရွာလည်းဖြစ်သည်။ ကျေးရွာ၏ မြေမျက်နှာပြင် အနေအထားမှာ ညီညာပြန့်ပြူးပြီး တောတောင်မရှိသော မြေပြန့်အနေအထားအဖြင့် တည်ရှိသည်။

(ခ) သဘာဝအရင်းအမြစ်

မြေဆီဩဇာ ကောင်းမွန်သော လယ်၊ ယာ၊ ကိုင်ကျွန်းမြေများရှိခြင်း၊ နှင့် စိုက်ပျိုးရေအတွက် ဝါရှောင်ဆည်မှ ရေရရှိနိုင်သည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

မုတ်လွဲရွာတွင် ရှမ်း၊ ဂေါ်ရခါးလူမျိုးစုများနေထိုင်ကြသည်။ ကိုးကွယ်သည် ဘာသာများမှာ ဗုဒ္ဓဘာသာဝင်၊ ဟိန္ဒူဘာသာတို့ဖြစ်ကြသည်။ အိမ်ထောင်စု စုစုပေါင်း (၂၀၈)အိမ်ထောင်စုရှိပြီး၊ ကျေးရွာ၏ လူဦးရေပေါင်းမှာ (၁၄၈၆)ဦးရှိသည်။ ကျေးရွာ၏ အလုပ်လုပ်ကိုင်နိုင်သော လုပ်သားအင်းအားမှာ ကျား(၇၂၀)၊ မ(၄၉၀) ရှိပြီး ရွာရှိလူဦးရေး၏ (၈၁)ရာခိုင်နှုန်းရှိသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ဝမ်းစာဖူလုံမှုအနေအထားအရ ကျေးရွာတွင် အဆင်ပြေသော (က)အဆင့် အိမ်ထောင်စု (၆၆)စု၊ အလယ်အလတ်ရှိသော (ခ)အဆင့်အိမ်ထောင်စု (၁၁၇)စုတို့မှာ ဝမ်းစာဖူလုံရုံမက စုဆောင်းငွေများရှိကြသည်။ ဆင်းရဲသော(ဂ) အိမ်ထောင်စု (၁၁၆)စုမှာ ဝမ်းစာအသင့်အတင့်ရှိပြီး ကျန်းမာရေး၊ ပညာရေး အခက်အခဲများနှင့်ကြုံမှသာ အကြွေးတင်သော အိမ်ထောင်စုများဖြစ်သည်။ အလွန်ဆင်းရဲသည့် (ဃ)အဆင့် အိမ်ထောင်စု(၁၀၆)စု၏ မိသားစုဝမ်းစာ အခက်အခဲ ဖြေရှင်းနည်းအခြေအနေများကို အနီးစပ်ဆုံး သိရှိနိုင်ရန် (ဃ)ဆင့်မှ အိမ်(၃၀)သို့ သွားရောက်၍ စစ်တမ်းရယူခဲ့ပါသည်။ စိစစ်တွေ့ရှိချက်များအရ - အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ ပုံမှန်လုပ်ကိုင်စားသောက်မှုများမှာအိမ်ခြံဝင်းရှိသော သူများမှာပြောင်း၊ မုန်ညှင်း၊ ဟင်းသီးဟင်းရွက်အနည်းငယ်စိုက်ခြင်း လယ်ယာလုပ်ငန်းများတွင် နေ့စားကျပန်းအဖြစ် ဝင်ရောက်လုပ်ကိုင်ကြခြင်း၊ ရွာထွက်နွားနို့များကို စုဆောင်း၍ မြစ်ကြီးနားဈေးသို့ သွားရောက်ရောင်းချခြင်း၊ လက်သမား ပန်းရံလုပ်ငန်း လုပ်ကိုင်ခြင်း စသည်တို့ဖြင့် အသက်မွေးကြရသည်။ အလွန်ဆင်းရဲသောအိမ်ထောင်စုများ၏ တစ်နှစ်တာအတွင်း ဝမ်းစာရှာဖွေနိုင်မှု အခြေအနေများမှာ (၃)လအောက် ချေးငှားခြင်းမရှိ စားသောက်နိုင်သော အိမ်ထောင်စု (၅၇)ရာခိုင်နှုန်း (၅)လအောက် (၁၀)ရာခိုင်နှုန်း၊ (၁၂)လအောက် (၃၃)ရာခိုင်နှုန်း တို့ဖြစ်ကြသည်။

ဝင်ငွေနည်းသော ကာလဖြစ်သည့် (၈ပြီ၊မေ၊ဇွန်၊ ဇူလိုင်၊သြဂုတ်၊စက်တင်ဘာ၊အောက်တိုဘာ၊ နိုဝင်ဘာ)လများတွင် ဝမ်းစာဖူလုံရန်အတွက် ငွေချေးကြရသည်။ ရွာအတွင်း ငွေချေးယူနိုင်သော နေရာများမှာ အပေါင်ဆိုင်၊ ငွေချေးစားသူများနှင့် ဆွေမျိုးများထံတွင် ချေးယူခြင်း၊ လုပ်အားကြို ရောင်းခြင်း၊ စပါးစိမ်းရောင်းခြင်း၊ သမအသင်းတွင် ချေးခြင်းဖြင့် ဖြေရှင်းကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၄၁)အိမ်၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများအိမ် နှင့်ဆင်းရဲသောမုဆိုးမအိမ်များသည် ထိခိုက်နစ်နာလွယ်သူများဖြစ်ကြသည်။ တောင်သူမိသားစု များသည် ၈ပြီမှဇွန်လအထိ ဂမ်းစာ ခက်ခဲမှု ရှိပါသည်။ ရွာတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုများရှိသဖြင့် လူငယ်အလုပ်လက်မဲ့များသည့် အတွက်စိုးရိမ်းရသည်။ တောင်သူမိသားစု များသည် ၈ပြီမှဇွန်လအထိ ဂမ်းစာခက်ခဲမှုရှိပါသည်။ သဘာဂ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအစဉ်များ စနစ်တကျ လေ့ကျင့် ဆောင်ရွက်ထားမှုမရှိခြင်း မူးယစ်ဆေးဝါးရောင်းဂယ်မှုများရှိခြင်း ကူးစက်ရောဂါဖြစ်ပွားမှု အကြမ်းဖက်မှုများရှိသဖြင့် အထက်ပါ အချက်အလက်များတွင် ပါဂင်သည့် အမျိုးသမီးနှင့်လူငယ်များ အများဆုံးထိခိုက်မှု ဖြစ်နိုင်ချေ ရှိပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး သားဖွားဆရာမ တစ်ဦးလည်းရှိသည်။ ရွာသားများ အနေနှင့် ကျန်းမာအောင်နေထိုင်ရေး အသိပညာဗဟုသုတများ တိုးပွားရရှိလာသဖြင့် ဆေးခန်းသို့ သွားရောက်၍ သားဖွားခြင်းများရှိလာပြီး ကလေးအသေးအပျောက် လျော့နည်းလာပြီဖြစ်သည်။ အိမ်ခြေနှင့် လူဦးရေ တိုးပွားလာသည်နှင့်အမျှ ကျန်းမာရေး လိုအပ်ချက်များ မြှင့်မားလာခဲ့သည်။ သောက်သုံးရေသန့် တစ်ရွာလုံးမရရှိခြင်း၊ ဆင်းရဲသောသူများ ယင်လုံအိမ်သာဆောက်လုပ်ရန် ငွေကြေးအခက်အခဲရှိခြင်း၊ အိမ်သာကို စနစ်တကျ အသုံးမပြုနိုင်ခြင်းတို့ကြောင့် ဝမ်းပျက် ဝမ်းလျှောဖြစ်ခြင်း၊ အဆုတ်ရောဂါ လက္ခဏာများတွေ့ရှိရခြင်းနှင့် လူနည်းစုတွင် ငှက်ဖျားရောဂါကို တွေ့ရှိခြင်းများရှိသည်။ အစားအစာ အာဟာရအတွက် ထမင်းကို ပုံမှန်စားသောက်နိုင်ကြသော်လည်း ချို့တဲ့သူ အများစုမှာ အာဟာရမျှတစွာ စားသောက်နိုင်ရန် အခက်အခဲများရှိသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် လူတိုင်းနီးပါး စာရေးတတ်ဖတ်တတ်ကြပါသည်။ မူလတန်းပညာရေးသင်ယူမှု ပြီးစီးနှုန်းမှာ ၅၀% ခန့်ရှိပြီး အလယ်တန်းပညာပြီးစီးနှုန်းမှာ ၂၆% ခန့်ရှိပါသည်။ အထက်တန်း ပညာရေးပြီးစီးနှုန်းမှာ ၁၈%ခန့်ရှိပြီး တက္ကသိုလ်ဘွဲ့ရ ၁.၃ % ခန့်ရှိပါသည်။

(စ) ကျားမ ဆိုင်ရာ ဆက်နွယ်မှု

ယခင်က ဂေါ်ရခါးလူမျိုးများတွင် အမျိုးသမီးပညာတတ်မှုနည်းပါးခြင်း၊ ကျေးရွာ ဦးဆောင် လုပ်ငန်းများတွင် အမျိုးသမီးပါဝင်ခွင့် မရှိခြင်းများရှိခဲ့သည်။ ယခုအခါ ကျားမခွဲခြားခြင်းမရှိဘဲ တန်းတူ ပညာသင်ယူခွင့်ရရှိလာသည့်အပြင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတွင် အမျိုးသမီးများပါဝင် ခွင့်ပြုလာခြင်း၊ ကျေးရွာလူမှုရေးလုပ်ငန်းများ၊ ကျန်းမာရေး လုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများ တို့တွင် အကျိုးဆောင်ခွင့် ရရှိလာကြပြီးဖြစ်သည်။

၄။ ကဏ္ဍ အသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

မုတ်လွဲကျေးရွာ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအနေအထားကို သိရှိခြင်းအားဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များအတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည် ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူ ပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ရွာမ်း၊ ဂေါ်ရခါးလူမျိုးနှစ်မျိုးလုံးတွင် ဘာသာရေးဂေါ်ပကအဖွဲ့၊ လူမှုကူညီရေးအဖွဲ့၊ လူငယ်အဖွဲ့၊ နာရေးကူညီမှုအဖွဲ့၊နှင့် ယဉ်ကျေးမှုအဖွဲ့များရှိကြသည်။ လူမျိုးအလိုက်ဘာသာရေး ပွဲတော်များတွင်အဖွဲ့များသည် သက်ဆိုင်ရာတာဝန်များယူ၍ လုပ်ဆောင်ကြသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်၊ ယာလုပ်ငန်းဖြစ်သည်။ လယ်၊ ယာလုပ်ကိုင်စားသောက်သော အိမ်ထောင်စု ရာခိုင်နှုန်းမှာ (၆၃) ရာခိုင်နှုန်း ရှိသည်။ ယခင်က ဝါရှောင်ရေလွှဲဆည်မှရေကို အလုံအလောက်ရရှိခဲ့သည့်အတွက် စပါးနှစ်သီးစားစိုက်ပျိုး နိုင်ခဲ့သည်။ ယခုတွင်မူ ဆည်ရေမလုံလောက်သဖြင့် အောင်ရေနှင့်ဝေးကာ တစ်သီးစားသာစိုက်ကြသည်။ ဝါရှောင်ရေပေးဝေရေးစနစ်များကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် သီးနှံတိုးမြှင့် စိုက်ပျိုးလာနိုင် မည်ဖြစ်သည်။ တစ်ဧကအနည်းဆုံး ကျယ်ဝန်းသည့် အိမ်ခြံဝင်းကျယ်များနှင့် စိုက်ပျိုးမြေစုစုပေါင်းဧက(၉၃၄.၉၇) နှင့် ဧီးကျွန်းတို့တွင် စပါး၊ အာလူး၊ ပြောင်း၊ မုန်ညှင်း၊ ဖရဲ၊ နှမ်းတို့ကို နှစ်စဉ်စိုက်ပျိုးကြသည်။ ကျေးရွာ၏အဓိကကုန်ထုတ်လမ်းမှာ အလွန်ပျက်ဆီးနေသဖြင့် ရွာသို့ သယ်ယူသိုလှောင်ရန်အတွက် အခက်အခဲများရှိသည်။

လယ်ယာလုပ်ငန်းအပြင် ကျွဲ၊ ခိုင်းနွား၊ နို့စားနွား၊ ဘဲ၊ ဝက်၊ ဆိတ်များလည်း တပိုင်တနိုင် မွေးမြူခြင်းများလည်း ရှိသည့်အတွက် နွားချေးများကို လယ်ယာမြေများတွင် သဘာဝမြေဩဇာအဖြစ် အသုံးပြုကြသည့်အတွက် စိုက်ပျိုးရေးမြေဩဇာ သွင်းအားစုအဖြစ်တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်သည်။ ဒေသခံများမှာမိရိုးဖလာ လယ်ယာစိုက်ပျိုးရေးကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်ကြပြီး မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ်တနိုင်တပိုင် မွေးမြူရန်ငွေကြေး အရင်းအနှီးများနှင့် မျိုးကောင်းမျိုးသန့် လက်လှမ်းမီမှုများ မရှိသေးသဖြင့် မွေးမြူရေးလုပ်ငန်းကို တိုးတက်လုပ်ကိုင်မှုမရှိကြသေးပါ။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများ အချို့သည်မိသားစု ဒုတိယဝင်ငွေအဖြစ် နို့စားနွား မွေးမြူခြင်းများရှိသည်။ နွားနို့၊ ဒိန်ချဉ်အနည်းငယ်ထုတ်လုပ် ရောင်းချနိုင်၍ မိသားစု တစ်ဖက်တစ်လမ်းမှ ဝင်ငွေ ရရှိပါသည်။ ဆင်းရဲချို့တဲ့သော အိမ်ထောင်စုများမှာ မွေး မြူရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်လိုကြသော်လည်း ရင်းနှီးငွေမရှိသည့်အတွက် ကြက်အနည်း ငယ်နှင့် ဝက်အနည်းငယ်သာ မွေးမြူနိုင်ကြသည်။ ဆိတ်၊ ကြက်၊ ဘဲ၊ ကျွဲ၊ ခိုင်နွား၊ မွေးမြူရေး ထွက်ကုန်များကိုရွာအရောက် ဝယ်ယူကြသည်။

ငါးဖမ်းလုပ်ငန်းအခြေအနေများ ဧရာဝတီမြစ်တွင် ယခင်က ငါးဖမ်းရရှိခဲ့သော်လည်း ယခုအခါမြစ်ရေတွင် ငါးရရှိမှုမှာ သိသိသာသာ ကျဆင်းခဲ့ရပါသည်။ ဝါးရှောင်ဆည်ရေရရှိသော နေရာများတွင် ငါးမွေးမြူရေး လုပ်ငန်းကို စမ်းသပ်လုပ်ကိုင်နေပြီး ဖြစ်သည်။ အကယ်၍ ငါးမွေးရန် ရေတစ်နှစ် ပတ်လုံး ရရှိခြင်းနှင့် ငါးမွေးမြူခွင့်လိုင်စင်၊ ငါးသားပေါက်စသည်တို့ လွယ်ကူစွာရရှိပါက ငါးမွေးမြူရေးလုပ်ငန်းကို တိုးချဲ့ လုပ်ကိုင် နိုင်ပါမည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် လက်သမား၊ပန်းရံ အိမ်ဈေးဆိုင်၊ မုန့်တီ ခေါက်ဆွဲဆိုင်နှင့် ဟင်းသီးဟင်းရွက် ၊ ဆီကြိတ်စက်လုပ်ငန်း နှင့် အစိုးရပညာဝန်ထမ်း စသည့်လုပ်ငန်းများသာ လုပ်ကိုင်နိုင်ကြသည်။ အခြားလုပ်ငန်းများဖြစ်သည့် ပယင်းသွေးခြင်း၊ နို့ထွက်ပစ္စည်းများကို တန်ဖိုး မြှင့် ထုတ်လုပ်ခြင်းနှင့် အခြားစားသုံးကုန်များကို ခေတ်မီနည်းစနစ်ဖြင့် ထုတ်ပိုးရောင်းချခြင်းများ ပြုလုပ်နိုင်ရန် ရင်းနှီးငွေနှင့် နည်းပညာအကူအညီများရရှိရန်လိုအပ်နေပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

လယ်မြေများမှာနှစ်စဉ် မိုးရာသီတွင်ရေမြုပ်ခြင်း၊ စိုက်ပျိုးမြေဆီလွှာထိန်းသိမ်းနိုင်စွမ်းမရှိခြင်းတို့ကြောင့် သီးနှံထွက်နှုန်းများ တဖြည်းဖြည်းလျော့ကျလာသည်။ ဧရာဝတီမြစ် ကမ်းနဘေးတွင်ရှိရွာမြေများနှစ်စဉ်ပြုကျပျက်ဆီးသဖြင့် ကမ်းနားပိုင်းအိမ်များရွာတွင်းပိုင်းသို့ရွှေ့ ပြောင်းခဲ့ကြရသည်။ အထက်ပါထိခိုက်မှုအန္တရာယ်များလျော့ချရေး အစီအစဉ်များမရှိသေးပါ ။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

လယ်သမားများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမအသင်းတို့မှ စပါးစိုက်ပျိုးထုတ်လုပ်ရန်ချေးငွေရရှိနိုင်သည်။ စိုက်ဘဏ်နှင့် သမအသင်းများ၏ချေးငွေကာလသည် (၆) လသာဖြစ်သည့်အတွက် တောင်သူများမှာ သီးနှံဈေးကောင်းရရှိချိန်ထိ စောင့်ဆိုင်းခွင့်မရဘဲ သီးနှံများကိုဈေးနှုန်းနည်းနည်းဖြင့်သာ ရောင်းကြရသဖြင့် တောင်သူငယ်များမှာစားဝတ်နေရေး ခက်ခဲလာခဲ့ကြရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

မုတ်လွဲတွင် မူလတန်းကျောင်းနှစ်ကျောင်းရှိရာ အ.မ.က (၁) ကျောင်းသည် ပျက်စီး ယိုယွင်းနေသဖြင့်မြို့နယ်ပညာရေးမှ စာသင်ကြာ:ရန်မသင့်တော်သော အန္တရာယ်ရှိသော ကျောင်းဆောင်အဖြစ် သတ်မှတ်ထားသော်လည်း ကျောင်းတွင် ပညာဆက်လက်သင်ကြားနေလျက်ရှိသည်။ ကျေးရွာတွင်လက်ရှိ အ.လ.က. ခွဲ ကျောင်းနှင့် မူလတန်းကျောင်း (၂) ကျောင်းရှိသည့်အတွက် ကျောင်းသားလူငယ်များမှာ အလယ်တန်းပညာကို လက်လှမ်းမီလာကြသဖြင့် ကျေးရွာရှိကျောင်းတွင် ပြီးဆုံးသည်အထိ သင်ယူလာနိုင်ကြသည်။ ကျောင်းကော်မတီများ၏ ကြိုးပမ်းမှုများကြောင့် ကျောင်းသုံးကျောင်းကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြသော်လည်း ယခုအခါ အခြားကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများကို ဦးတည်လုပ်ဆောင်နေသည့်အတွက် ကျောင်းများမှာ ပြန်လည်ပြုပြင်ရန်နှင့် တိုးချဲ့ဆောက်လုပ်ရန် လိုအပ်နေပါသည်။ အထက်တန်း ပညာရေးကို ခတ်ချိုနှင့် နောင်ဟီးကျေးရွာတို့တွင် တက်ရောက်ကြပြီး အချို့မှာ ဝိုင်းမော် မြစ်ကြီးနားမြို့များသို့ တက်ရောက်ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ကျေးရွာ၏ ပညာရေးအဟန်အတားများအနေနှင့် သင်ထောက်ကူ ပစ္စည်းများလိုအပ်နေခြင်း၊ ဘာသာရပ်အလိုက် သင်ကြားပေးမည့်ဆရာများ ပြည့်ပြည့်ဝဝမရှိခြင်း များရှိသည်။ ၎င်းအပြင်တာဝန်ကျဆရာ ဆရာမများ နေထိုင်ရန် ဝန်ထမ်းအဆောင်များမရှိခြင်း၊ ကျောင်းသွား လမ်းများ ပျက်ဆီးနေခြင်း၊ ကျောင်းအားကစားကွင်းများ သပ်သပ်ရပ်ရပ်မရှိခြင်း၊ ကျောင်းအိမ်သာများ ယိုယွင်းနေခြင်း၊ ကျောင်းဝင်းအတွင်းရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှု မရှိခြင်းစသည့်လိုအပ်ချက်များရှိသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှာ မိမိတို့ကိုးကွယ်ရာဘာသာရေးလုပ်ငန်းများနှင့် ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ သာရေး နာရေးကိစ္စရပ်များတွင် ပါဝင်ကူညီလုပ်ကိုင်ပေးကြသည်။ မူးယစ်ဆေးဝါသုံးစွဲမှု အချို့များရှိသဖြင့် လူငယ်များ၏ အနာဂတ်မှာ စိုးရိမ်းဖွယ်ရာရှိသည်။

(ဇ) အခြေခံအဆောက်အဦ - လက်လှမ်းမီရရှိမှု၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ် ရေး

ကျေးရွာတွင်ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလိုင်ရှိသော်လည်း အိမ်တိုင်းအသုံးပြုရန် ငွေကြေး မလုံလောက်သဖြင့် အိမ်အများစုမှာ လျှပ်စစ်မီးမသွယ်တန်းနိုင်သေးပါ။ လယ်မြေနှင့် ကျေးရွာဆက်စပ်လျက်ရှိသော ကုန်ထုတ်လမ်းမှာ အလွန်ပျက်ဆီးနေသဖြင့်လည်း တောင်သူများမှာ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးတို့တွင် နောက်နှေးကြန့်ကြွေးမှုများနှင့် ရင်ဆိုင်နေခဲ့ကြရသည်။

(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

မူးယစ်ဆေးဝါးရောင်းဝယ်မှု မဒိန်းမှု အနုကြမ်းစီးမှု လုယက်မှု ခိုးမှုများရှိခဲ့သဖြင့် ရိုးရာပွဲတော်များ ပျော်ပွဲရွှင်ပွဲများပြုလုပ်သည့်အစဉ်အလာများတားမြစ်ခြင်း ရှိခဲ့သည်။ ကြက်လုယက်၊ ခိုးဝှက်သူများသည် အိမ်ထောင်ရှင်မရှိသော၊ အမျိုးသမီးဦးဆောင်၍နေရသော အိမ်များတွင် တခါတရံ ခိုးယူကြသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများအကျဉ်းချုပ်

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေခြင်း၊ တက်ကြွစွာ ပူပေါင်းပါဝင်လာစေခြင်းနှင့် ဦးစီးဆောင်ရွက်နိုင်ခြင်းတို့မှာ အဓိကအချက်များဖြစ်ပါသည်။ ထိုအဓိကအချက်ကို ဖော်ဆောင်နိုင်မည့်နည်းလမ်း(သို့မဟုတ်) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများ ရေးဆွဲထားရှိရန်လိုပ်အပ်ပါသည်။ ကျေးရွာအတွင်း လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များကို အသုံးပြု၍ လတ်တလော ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်မှုများကို ဖွံ့ဖြိုးရေးဗျူဟာ နှင့် ချိတ်ဆက်ကာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မုတ်လွဲကျေးရွာ၏ ဖွံ့ဖြိုးရေးကဏ္ဍအလိုက် ကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာ အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဖွံ့ဖြိုးရေး ကွင်းဆက်များဖြင့် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အခြေခံအကြောင်းအရာများနှင့် ထိုအခြေအနေကောင်းများကို ဖမ်းဆုပ်နိုင်ရန်တားဆီးနေသော အဟန့်အတားများကိုကဏ္ဍအလိုက် ဆက်လက်ဖော်ပြသွားပါမည်။

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ

- ကျေးရွာ၏ လယ်မြေများမှာ ဝါးရောင်ဆည်ရေကို လက်လှမ်းမီပြီး မြေဆီဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ ယာမြေများမှာ ဧရာဝတီမြစ်ကမ်းလျောက်တွင် တည်ရှိပြီး မြေဆီဩ ဇာကောင်းမွန်သည့်အတွက် သီးနှံစုံစိုက်ပျိုးနိုင်ပါသည်။

- ကျေးရွာအတွင်းတွင် လက်ရှိအားကောင်းပြီးဖြစ်သော လူမှုရေး၊ ဘာသာရေး အဖွဲ့များနှင့် ယင်း တို့၏ဆောင်ရွက်မှု စနစ်များရှိ နေခြင်း
- ကျေးရွာသည် ဝိုင်းမော်မြို့၊ ကချင်ပြည်နယ်၏ မြို့တော်မြစ်ကြီးနားမြို့များသို့ ဆက်သွယ် ရန်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ တရုတ်နယ်စပ်ထိဖောက်လုပ်ထားသော လမ်းမကြီး၏ ဘေးတွင်ကက်လျက်ရှိသည့်အတွက် ကုန်စည်စီးဆင်းမှုဈေးကွက်ကောင်း များအား လက်လှမ်းမီလျက်ရှိပါသည်။
- လျှပ်စစ်မီးအသုံးပြုရန်လက်လှမ်းမီသည့်အတွက် အသေးစားစီးပွားရေးလုပ်ငန်းများ၊ လူမှု ရေးကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအတွက် လျှပ်စစ်မီးအသုံးပြုရန် အခြေအနေ ပေးပါသည်။
- မြေအောက်ရေ အရင်းအမြစ်နှင့် အလှမ်းကွာဝေးမှု မရှိသည့်အတွက် ရေတွင်းတူးဖော်နိုင် ခြင်း

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

- ကျေးရွာလူထုသည် မြို့နယ်အဖွဲ့အစည်းများနှင့် ဆက်သွယ်ရန် တုံ့နှေးနေခြင်း
- ကျေးရွာလူထုအ ခြေပြုအဖွဲ့များခိုင်မာ တောင့်တင်းရေးအတွက် နည်းပညာဝန်ဆောင်မှု များ စဉ်ဆက်မပြတ်ရရှိရန်လိုအပ်ခြင်း၊
- စိုက်ပျိုးမွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရန် နည်းပညာအကူအညီများ နှင့် ချေးငွေ ဝန်ဆောင်မှုပေးသည့်စနစ်များအားလက်လှမ်းမီမှု တိုးတက်ရန်လိုအပ်ခြင်း၊
- ဝါရှောင်ဆည်ရေလွှဲဆည်နှင့်ရေသွင်းမြောင်းများ လက်လှမ်းမီသော်လည်း ရေပေးဝေရေး သုံးစွဲရေ စနစ်များမရှိခြင်းကြောင့် စိုက်ပျိုးရေမလုံလောက်ခြင်းအောင်ရေကို အချိန်မီရေမရ ရှိခြင်းများ ကြုံတွေ့ရသည်။
- စပါးခင်းဖျက်သောခရု၊ ဂဏာန်းများကို မနှိမ်နင်းရန် ထိရောက်သော နည်းပညာဝန် ဆောင်မှုများကိုလက်လှမ်းမမီခြင်း
- မျိုးကောင်းမျိုးသန့်များ လက်လှမ်းမီရန်အခက်ခဲရှိခြင်း
- မွေးမြူရေးထွက်ကုန်များကို ခတ်ချို၊ ဝိုင်းမော်၊ မြစ်ကြီးနားဈေးသို့ သွားရောင်း နိုင်ခြင်း၊ ဈေးပြိုင်စနစ်ဖြင့် ကုန်သည်များ အိမ်တိုင် ရာရောက်ဝယ်ယူခြင်း၊
- အလုပ်လုပ်နိုင်သောအသက်အရွယ်ရှိအမျိုးသားများမှာ အလုပ်အကိုင်ရှားပါးသဖြင့် တချို့မှာဒေသမှထွက်၍ အလုပ်ရှာဖွေလုပ်ကိုင်ကြရခြင်းကြောင့် အိမ်ထောင်ဦးစီးမဲ့ဖြစ်နေ ကြရခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲနေကြခြင်း၊ စသည့် အခြေအနေများကြောင့် မလိုလားအပ် သည့် ဘေးဒုက္ခများနှင့် ရင်ဆိုင်ရနိုင်ဖွယ်ရှိသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

မုတ်လွဲကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များမှာ ယေဘူယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးများဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၏ကွင်းဆင်းအဖွဲ့၏ကူညီမှုဖြင့် ရွာသူရွာသားများကိုယ်တိုင် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်း ချက် ပန်းတိုင်များကို ပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ

ရေးဆွဲခဲ့ကြသည်။ စီမံကိန်းအကောဲအထည်ဖော်ရမည့် နည်းဗျူဟာများကိုပါ ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်အိမ်ထောင်စုချင်း လူနေမှုအဆင့် တိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကို အောက်ပါအတိုင်းချမှတ်ထားကြပါသည်။

(က) ရည်မှန်းချက်ပန်းတိုင်

- သီးနှံစိုက်ဧက တိုးတက်စိုက်ပျိုးထုတ်လုပ်ရေး၊ဆီထွက်သီးနှံစိုက်ပျိုးရေးနှင့် သားငါးတိုးတက်ထုတ်လုပ်မှု၊ ဝင်ငွေတိုးလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးလာပြီး မိသားစုဝင်ငွေတိုးလာရန်
- ကျေးရွာ၏ ကျန်းမာရေး ကဏ္ဍ၊ ပညာရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အဦးများ၊ ဝန်ဆောင်မှုများအား လက်လှမ်းမီမှုတိုးတက်လာပြီး ကျေးရွာလူထု၏ လူနေမှုအဆင့်အတန်းတိုးတက်ဖွံ့ဖြိုးလာရန်

(ခ) နည်းဗျူဟာများ

- အထက်ပါ ပန်းတိုင်များသို့ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များအား ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှနည်းပညာ၊ ငွေကြေးစသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိအခြားအဖွဲ့၊ ကော်မတီများဖြင့်လည်းညှိနှိုင်း၍ တာဝန်များကိုခွဲဝေအပ်နှင်း ဆောင်ရွက်မည်။ အောက်ပါဗျူဟာများအား အဓိက ကျင့်သုံးအကောင်အထည်ဖော်မည်ဖြစ်ပါသည်။
- သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် လယ်သမားများလက်တွဲ၍ အောက်ပါကိစ္စများဆောင်ရွက်သွားကြပါမည်။
- လယ်များရေရရှိရေးအတွက် ဆည်မြောင်းထိန်းသိမ်းမှု ရေပေးဝေမှုစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် ဒေသအတွင်း ဆည်ရေသောက် လယ်ပိုင်ရှင်များ ဆည်ရေကို အကျိုးရှိစွာ အသုံးပြုရေး စနစ်များဆောင်ရွက်ခြင်းဖြင့် သီးနှံအောင်ရေ ရရှိအောင် ဆောင်ရွက်ရန်
- စပါးစိုက်တောင်သူများ သီးနှံစိုက်စရိတ်လုံလောက်ပြီး စပါးဈေးကောင်းရသည်အထိ သိုလှောင်ထားနိုင်ရန် သင့်တော်သည့် ချေးငွေဝန်ဆောင်မှုများနှင့် လက်လှမ်းမီရေးအတွက် ဆောင်ရွက်ခြင်း
- အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် လယ်၊ ယာသမားများ ထွန်စက်ဝယ်ယူနိုင်ရေး အခြေအနေဖန်တီးပေးရန်

- နွား၊ ဝက်၊ ကြွေး၊ ကြောက်စသည့် တိရစ္ဆာန်များ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်လာနိုင်ရေးအတွက်ကျေးရွာဖွံ့ဖြိုးရေးကော်မတီကဦးဆောင်၍ ရေရှည်ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ပါမည်။ ဆောင်ရွက်မည့် အဓိကအစီအစဉ်များမှာ --
- နို့စားနွားတိုးတက်မွေးမြူခြင်းနှင့် မွေးမြူရေးထုတ်ကုန်များကို ကုန်ချောပြုလုပ်ခြင်း နည်းပညာများ၊ လုပ်ငန်းသုံး ပစ္စည်းများ၊ လျှပ်စစ်မီး၊ ဈေးကွက် စသည်တို့ လက်လှမ်းမီအောင်ဆောင်ရွက်ရန်
- မွေးမြူရေးလုပ်ငန်းတိုးတက်ဆောင်ရွက်ရန် ငွေကြေးဝန်ဆောင်မှုစနစ်များကို လိုအပ်ချက်နှင့် ပြည့်မီအောင် ချမှတ်ကြရန်
- ကျေးရွာအတွင်း အရည်အသွေးမြင့်သော ပညာတတ်များတိုးပွားလာစေရေးနှင့် လူငယ်များအတွက် လုံခြုံစိတ်ချရသော (အထူးသဖြင့် မူးယစ်ကင်းစင်သော) ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်အောင်ဆောင်ရွက်ခြင်း
- မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကျေးရွာမူးယစ်ကင်းစင်ဆောင်ရွက်မည့် ကော်မတီများ၏ အရည်အသွေးကိုမြှင့်တင်ခြင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းမှ နည်းပညာအကူအညီများ ရယူ၍ မူးယစ်ဆေးဝါ တားဆီးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန် ဖြစ်ပါသည်။
- လူငယ်လူရွယ်များ ကြံ့ခိုင်ဖွံ့ဖြိုးလာစေရေးအတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် ကျေးရွာအုပ်စုအောက်ရှိရွာမှ လူငယ်များစုပေါင်း၍ ဂီတ၊ အားကစား နှင့် အခြားသော လူငယ်ဖွံ့ ဖြိုးရေးအစီအစဉ်များ လုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်နိုင်မည့် သတင်း အရင်းအမြစ်များ နှင့် လုပ်ငန်းစဉ်များဖြင့် လုပ်ဆောင်သွားမည်။
- ကျေးရွာ၏ လူမှုစီးပွားရေးအခြေအနေတိုးတက်မြင့်မားရေးကို ရေရှည်ဆောင်ရွက်မည့် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် စီမံခန့်ခွဲမှုစနစ်များ တည်ဆောက်ခြင်း
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းအကောင် အထည်ဖော် ခြင်းများဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာအဖွဲ့အစည်းများကို အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်ထည်ဖော်ရေးအဖွဲ့များက သက်ဆိုင်ရာဌာနဆိုင်ရာများ၏ အကူအညီကိုယူ၍ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်အောင်ဆောင်ရွက်မည်။
- ကျန်းမာရေးဦးစီးဌာနနှင့် ကျန်းမာရေးဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်ဆောင်ရွက်ခြင်း
- ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ သောက်သုံးရေရရှိအောင် ဆောင်ရွက်ရန်
- ပညာရေး အဆောက်အဦးများ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျ သော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော် ပြထားပါသည်။ ဤသို့ဖော်ပြခြင်းဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့်စိုးရဌာနများနှင့်အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်မည်ဖြစ်ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသူ ရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ထားသော ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရန် အချိန်မှန်ပြန်လည်သုံးသပ်မည့် အစီအစဉ်များပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင် ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

မုတ်လွဲကျေးရွာရှိ ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ၏ ထုတ်ချေးပေး သော ချေးငွေပမာဏသည် အလွန်နည်းပါးသဖြင့် လယ်သမား၊ ယာသမား၊ မွေးမြူရေး လုပ်ကိုင်သူများ အတွက် မလုံလောက်သော ချေးငွေပမာဏ ဖြစ်သည့်အပြင် သတ်မှတ်ထားသော အချိန်ကာလများ ရှိခြင်းကြောင့် မွေးမြူရေး စိုက်ပျိုးရေးလုပ်ရန် အကန့်အသတ်များရှိနေသည်။ လယ်သမားများမှာလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း မရှိကြသေးသည့် အတွက် ချေးငွေအလုံ အလောက်ရရှိရန် အတိုးကြီးပေး၍ ချေးယူကာ လယ်၊ယာ လုပ်ငန်းများကို လုပ်ကိုင်နေကြရသည်။ ဆင်းရဲသော တောင်သူများ၊ လက်လုပ် လက်စားများမှာ ငွေကြေးချေးယူရရှိရန် ခက်ခဲသည်။ သီးနှံနှင့် သားငါးကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရန်၊ မွေးမြူရေး ကာလရှည်ချေးငွေနှင့် လယ်၊ယာလုပ်ငန်းချေးငွေ ဝန်ဆောင်မှုများကိုဒေသနှင့်ကိုက်ညီစွာ ဝန်ဆောင် မှုရရှိရန် လိုအပ်နေပါသည်။

(ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက် အထောက်အပံ့များ ဖြည့်ဆည်း ပေးခြင်း

ကျွန်ုပ်တို့ ကျေးရွာတွင် သီးနှံထွက်ကုန်များ၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ် ရန်မြေဆီဩဇာ အားကောင်းသော လယ်၊ယာမြေများပေါများခြင်း၊ အိမ်ခြံဝင်းကျယ်များရှိခြင်း တို့ကြောင့်ဒေသထွက်ကုန်ကြမ်းများကို အခြေခံသောတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချ နိုင်ရန်နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းသည်လည်း ကျေးရွာရှိ လူသားအရင်းအမြစ်

သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများတိုးတက်လာစေပြီး မိသားစုပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းနှင့်စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီးဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဂန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့်ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန် တိုးတက်လာစေပါမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင်စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်သည့်ပုံစံနှင့် အစီအစဉ်၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦးကို ပြုပြင်ထိန်းသိမ်းမည့် အစီအစဉ်၊ ဘတ်ဂျက်နှင့် ငွေရေးကြေးရေးအစီအစဉ်များပါဝင်ပါသည်။

အချို့သောစီမံကိန်းများကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကိုမြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံကိန်း၊ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိမှုအပေါ် အခြေခံပြီးနှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။

ဒေသတွင်ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ

ဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း ငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင် ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကိုပြုပြင်ရ လွယ်ကူစေ သည်။ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ကျွန်ုပ်တို့ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ် ပါသည်။

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အ ကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သောစီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ် သုံးသပ် ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည်(က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊(ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ(Capital Investment) ဥပမာ-ဆောက်လုပ်ရေးပစ္စည်း များနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး(Capacity Building) ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့။

(ဂ) ဦးစားပေးစီမံကိန်းများ

မုတ်လွဲကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များမှာ ယေဘုယျ အားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေးများဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကွင်းဆင်းအဖွဲ့၏ ကူညီမှုဖြင့် ရွာသူရွာသားများကိုယ်တိုင် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို ပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခဲ့ကြသည်။ စီမံကိန်းအကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကိုပါ ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများဝင်ငွေတိုးတက်ရေး၊ တစ်အိမ်ထောင်စုချင်း လူနေမှုအဆင့်တိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကို အောက်ပါအတိုင်းချမှတ်ထားကြပါသည်။

ဦးစားပေး စီမံကိန်းများ

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
ပညာရေး ကဏ္ဍ					
ကလေး ပညာရေး ဖွံ့ဖြိုးရေး	၁။ ကျောင်းသူ/ကျောင်းသားများစိတ်ချလုံခြုံစွာသန့်ရှင်းသောကျောင်းတွင်ပညာသင်ကြားနိုင်လာစေရေး	၇၈	၁	• မူလတန်းကျောင်း (အ.မ.က-၁) ကျောင်းဆောင်အသစ်ဆောက်လုပ်ရန်၊ အိမ်သာနှင့် ပရိဘောဂများဖြည့်ဆည်းပေးခြင်း။ • (အ.မ.က-၂) မူလတန်းကျောင်းတွင် ကျောင်းယင်လုံအိမ်သာဆောက်လုပ်ရန် • မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန်။ • ပညာရေး ကော်မတီ ဖွဲ့စည်းပြီး အထက်တန်း အောင်နှုန်းမြင့်မားရေး လုပ်ဆောင်ရန်။	
ကျန်းမာရေး					
သောက်သုံးရေလုံလောက်စွာ ရရှိရေး	၂။ ရှမ်းပိုင်း သောက်သုံးရေ ရေရှရှိရေး	၇၄	၂	• နွေရေခံသောအဝီဖိ သောက်သုံးရေးတွင်း (၃)တွင်း • ရွာသူရွားသားများပူးပေါင်း၍ ဆောင်ရွက်ကြခြင်းမြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း	
ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း					
ချေးငွေ လက်လှမ်းမီရေး	၃။ လုံလောက်သော ပမာဏနှင့် သင့်တင့် သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် ဘဏ်ဝန်ဆောင်မှုအဖွဲ့များအားလက်လှမ်းမီရေး	၆၈	၃	• ချေးငွေရရှိရန်ချေးငွေဌာနများနှင့် ချိတ်ဆက်ခြင်း။ • ကျေးရွာအတွင်း ချေးငွေ အစီအစဉ်အားပြန်လည်ရေးဆွဲခြင်း	• ကျေးလက်/ဦးစီး
လမ်းပန်း ဆက်သွယ်ရေး					
လမ်း၊ တံတား	၄။ ကုန်ထုတ်လမ်းနှင့် ကျောင်းသွား	၆၅	၄	• လမ်း၊တံတားကော်မတီဖွဲ့ စည်းခြင်း။	**ကျေး**

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
ကောင်းမွန် လာစေရေး	လမ်းများတိုးတက် လာစေရေး			• ကုန်ထုတ်လမ်းအကျယ် ၁၂ ပေရှိသော သဲကျောက်ခင်း ရန်လမ်းအရှည် မိုင် (၁. ၅) မိုင် • အ.မ.က(၂) စာသင်ကျောင်းသွားရာ လမ်းရှိချောင်းကူး တံတား (၂၀၀x၁၅) ပေ အရှည် • အ.မ.က(၁) ကျောင်းသွားလမ်းနှင့် ရွာတွင်းလမ်း၊ ရေပြွန် (၅) နေရာ(၁၂x ၅) ပေအရှည်ရှိ မြို့နယ်ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း။	**လက်/ ဦးစီး**
စိုက်ပျိုးရေး ကဏ္ဍ					
စိုက်ပျိုးရေးတိုးတက် ရေးနှင့် နည်းပညာ သင်တန်း	၅။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဝန်ဆောင်မှုများအား လက်လှမ်း မီမှုတိုးတက်လာပြီး သီးနှံထုတ် လုပ်မှုတိုးတက် အောင်ဆောင် ရွက်ခြင်း	၆၃	၅	• စိုက်ပျိုးရေးသင်တန်း (ကောက်ရိုးမှစိုက်ပျိုး နည်းနှင့်အဖျက် ပိုး ကာကွယ်ခြင်းနည်း) • မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာ သင်တန်း • စပါးအထွက်တိုး နည်းပညာသင်တန်း (ပိုးမွှား နှင့် ရောဂါ) • ဆည်ရေလုံလောက်စွာရရှိအောင် ဆောင်ရွက်ရန် • အစိုးရဌာနသို့ တင်ပြခြင်း	**ကျေး လက်/ ဦးစီး**
အုပ်ချုပ်ရေး ကဏ္ဍ					
အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	၆။ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု ဆိုင် ရာစွမ်းရည် မြှင့်တင်ပေးရေး။	၄၈	၆	• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်း ဆောင်ရွက်ခြင်း • အလုပ်အမှုဆောင် ကော်မတီများဖွဲ့စည်းခြင်း • ခေါင်းဆောင်နှင့်ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများစီစဉ် ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်း များစီစဉ်ခြင်း	**ကျေး လက်/ ဦးစီး**
တိရစ္ဆာန် မွေးမြူရေး					
သွင်းအားစုများလက် လှမ်းမီရေးနှင့် နည်း	၇။ အသေးစားနှင့် စီးပွားဖြစ် မွေးမြူ ရေးလုပ်ငန်းများ တိုးတက်လုပ်	၃၈	၇	• နည်းပညာပံ့ပိုးကူညီမှု နှင့် သင်တန်းများ ပံ့ပိုးပေးခြင်းဖြင့် မွေးမြူရေး ထွက်ကုန် တိုးတက်မြင့်မားစေခြင်း။	**ကျေး လက်/**

ကဏ္ဍ / အကြောင်းအရာ	စီမံကိန်း	ရမှတ်ပေါင်း	အဆင့်	စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
ပညာအကူအညီများ ရရှိရေး	ကိုင်လာရန်အခြေအနေကောင်းများဖန်တီးရန်			• ဒေသနှင့် ကိုက်ညီသော မျိုးကောင်းနှံစားနွား မွေးမြူနိုင်ရေးအတွက် မြို့နယ်မွေးကုဌာနနှင့် ချိတ်ဆက်ခြင်း။ ငါးမွေးမြူရေးတိုးတက်အောင် ချိတ်ဆက်ဆောင်ရွက်	**ဦးစီး**

(ဃ) စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများ နှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်သည့်ပုံစံနှင့် အစီအစဉ်၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦး ကိုပြုပြင်ထိန်းသိမ်းမည့် အစီအစဉ်၊ ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များပါဝင်ပါသည်။

အချို့သောစီမံကိန်းများကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံကိန်း၊ စီမံချက်များအကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာ တွင် ဘတ်ဂျက်၊ ငွေကြေးရရှိမှုအပေါ် အခြေခံပြီးနှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။

ဒေသတွင်ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

စီမံကိန်းကာလ

စဉ်	စီမံကိန်း (Project)	ဦးစား ပေး အ ဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	ကျေးရွာ၏ပညာရေးအဆောက် အအုံများတိုးတက်ကောင်းမွန်လာရေး	၁	✔	✔			
၂	ကျေးရွာ၏ သောက်သုံးရေလုံလောက် စွာရရှိရေး	၂	✔	✔			
၃	လုံလောက်သော ပမာဏနှင့် သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့်အဖွဲ့ များအားလက်လှမ်း မီရေး	၃	✔	✔	✔	✔	✔
၄	လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန် အောင်ဆောင်ရွက်နိုင်လာရေး	၄	✔	✔	✔		
၅	စိုက်ပျိုးရေးဆိုင်ရာ	၅	✔	✔	✔	✔	✔

စဉ်	စီမံကိန်း (Project)	ဦးစား ပေး အ ဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
	နည်းပညာ ဗဟု သုတ၊ ကျွမ်းကျင်မှုများတိုး တက်ရေး						
၆	အဖွဲ့အစည်းဖွံ့ဖြိုး တိုး တက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေး ရေး	၆	✔	✔			
၇	အသေးစားနှင့်စီးပွားဖြစ် မွေးမြူရေး လုပ်ငန်းများ တိုးတက် လုပ်ကိုင်လာ ရန်အခြေ အနေကောင်း များဖန်တီး ရေး	၇	✔	✔	✔	✔	✔

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ် ကုန်ကျ နိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာ ဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေး အကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန်လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက် အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်း ပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စဉ်	စီမံကိန်း	ရံပုံငွေ (ကျပ်)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမာန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်း ဆောင် ရည်မြှင့် တင်ရေး	လူသားချင်း စာနာမှုအထောက်အပံ့
၁	ကျေးရွာ၏ ပညာရေးအ ဆောက်အအုံများ တိုးတက် ကောင်းမွန်လာရေး			✔		
၂	ကျေးရွာ၏ သောက်သုံးရေ လုံလောက် စွာရရှိရေး			✔		
၃	လုံလောက်သော ပမာဏနှင့် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင် မည့်အဖွဲ့များအား လက်လှမ်း မီရေး			✔	✔	
၄	လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက် နိုင်လာရေး			✔		

စဉ်	စီမံကိန်း	ရံပုံငွေ (ကျပ်)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			လူသားချင်း စာနာမှုအထောက်အပံ့
			သာမာန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၅	စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး		✔		✔	
၆	အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာစွမ်းရည် မြှင့်တင်ပေးရေး				✔	
၇	အသေးစားနှင့် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများတိုးတက်လုပ် ကိုင်လာရန် အခြေအနေကောင်းများ ဖန်တီးရေး		✔		✔	

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာ လယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်း

အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက် ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုး ရေး အဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထား သောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီး ကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးဏာ်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ် ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါ မည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်း ဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံး ပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအ နေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ

ရည်ရွယ်သည့် အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက် များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေး တွေ့ရှိမှုအစီရင်ခံစာ (monitoring report) ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာကျွန်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သောအခွင့်အ လမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကိုမြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

၁။ ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

၁.၁။ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	-	၅	၅	၀.၃	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၂၇	၃၀	၅၇	၃.၈	၅ နှစ် အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၄၁	၄၀	၈၁	၅.၅	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၄၅	၄၈	၉၃	၆.၃	အလယ်တန်း ကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၄၉၀	၇၂၀	၁၂၁၀	၈၁.၄	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၂၀	၂၀	၄၀	၂.၇	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၆၂၃**	**၈၆၃**	**၁၄၈၆**	**၁၀၀%**	
အိမ်ထောင်စုပေါင်း ၂၀၈					**ပျမ်းမျှလူဦးရေ ၇**

ရည်ညွှန်း-တစ်အိမ်တက်ဆင်းကောက်ယူရရှိခဲ့သော အခြေခံစာရင်းဇယားများအရ (၁၄-၁၆ ရက်၊ ဇူလိုင် လ၊ ၂၀၁၅နှစ်)

မှတ်ချက်။ ။ မုတ်လွဲရွာတွင် ရှမ်း၊ ဂေါ်ရခါးလူမျိုးစုများ နေထိုင်ကြသည်။ ကိုးကွယ်သည် ဘာသာများမှာဗုဒ္ဓဘာသာဝင်၊ ဟိန္ဒူဘာသာတို့ဖြစ်ကြသည်။ အိမ်ထောင်စု စုစုပေါင်း (၂၀၈)အိမ်ထောင်စုရှိပြီး၊ ကျေးရွာ၏ လူဦးရေပေါင်းမှာ (၁၄၈၆)ဦးရှိသည်။ ကျေးရွာ၏ အလုပ်လုပ်ကိုင်နိုင်သော လုပ်သားအင်းအားမှာ ကျား(၇၂၀)၊ မ(၄၉၀) ရှိပြီး ရွာရှိလူဦးရေး၏ (၈၁)ရာခိုင်နှုန်းကျော်ရှိသည်။

၁.၂။ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက်အလုပ်အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၁၃၁	၆၃%		စပါးနှင့်အိမ်ခြံဝင်း ဥယျာဉ်တွင်ပြောင်း၊ အာလူး နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုး ကြသည်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၅၅	၂၆.၄%		ကျပန်းလုပ်ကိုင်ကြသည်
၂	***တိရစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၅%		နို့စားနွားအုပ်မွေးမြူသူများ
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက်အ လုပ်အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
	မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း			၂	မြစ်ထဲတွင် ငါးရှာကြသည်
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၂.၅%		ဆီစက်ပိုင်ရှင်
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၃	၁.၄%		ပန်းရံ၊ လက်သမား
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၉	***ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၉	၄.၃%	၃၆	အိမ်ဆိုင်၊ဟင်းသီးဟင်းရွက်၊ သီးနှံကုန်သည်များ၊ မုန့်တီ

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက်အ လုပ်အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
					လုပ်ခြင်း၊မုန့်လုပ်ရောင်းခြင်း
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၀	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၃	၁.၄%		အင်္ဂါးကားဒရိုင်ဘာ
၁၃	***ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် အောကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၆	***ပညာရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၁	၀.၅%		
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက်အလုပ်အကိုင်	မှတ်ချက်
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
	စုစုပေါင်း	၂၀၈	၁၀၀%		

ရည်ညွှန်း- တစ်အိမ်တက်ဆင်းကောက်ယူရရှိခဲ့သော အခြေခံစာရင်းဇယားများအရ(ဆယ်အိမ်မှူးများ ကောက်ယူထားခြင်း) (၁၄-၁၆ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။ ကျေးရွာ၏အဓိကအသက်မွေးရပ်တည်မှုမှာ-စပါးစိုက်ပျိုးခြင်း၊ အိမ်ခြံဝန်းဥယျာဉ်တွင်ပြောင်း၊ နှမ်းစသည့်ယာသီးနှံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း၊ ဈေးရောင်းခြင်း၊ကျပန်းလုပ်ငန်းတို့အပေါ်အဓိကမှီခိုပါသည် တောင်သူများနှင့် သီးနှံစိုက်ပျိုးသူများမှာမိသားစု ဒုတိယဝင်ငွေအဖြင့်နို့စားနွားမွေးမြူကြပါသည်။ ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသောသူများ မိသားစုအလိုက်သွားရောက်ခြင်းမဟုတ်ဘဲ တစ်အိမ်တစ် ယောက်ခန့်သွားသာသွားခြင်းဖြစ်သည်။

၁.၃။ စိုက်ပျိုးနိုင်သောမြေဧရိယာ

၁.၃.၁။ ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

ဇယား(၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေးကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက)
လယ်မြေ	၆၆၀	သင့်	ရ	(၃၃၀)သာဆည်ရေရရှိ
ယာမြေ	၁၈၉.၆၇	သင့်	ရ	
အိမ်ခြံဝင်းစိုက်ခင်း	၈၅.၃၀	သင့်	ရ	အိမ်ခြံဝင်းရေ
စုစုပေါင်း	၉၃၄.၉၇			

ရည်ညွှန်း။ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့မှ ရရှိသောစာရင်းများအရ(ဆယ်အိမ်မှူးများကောက်ယူ ထားခြင်း)(၁၄-၁၆ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။ ။လယ်မြေ(၁၇၇၇)ဧကနှင့် ကိုင်းကျွန်းမြေ (ဇီးကျွန်း) တွင်(၃၈၄.၀၆)ဧကတို့သည် မုတ်လွှဲပိုင် စိုက်ပျိုးမြေ ဧရိယာများဖြစ်ပါသည်။ ၄င်းစိုက်ကွင်းနှင့် လယ်မြေများသည် အခြား ကျေးရွာနှင့် မြို့များမှ တောင်သူများ ဖြစ်သည့် မခန္တီး၊ နောင်ဟီး၊ အောင်မြေ(၁)၊ ဝိုင်းမော်တို့မှ တောင်သူများပိုင်ဆိုင်ကြသည်။ ဧရာဝတီမြစ်အတွင်းရှိ ကိုင်းကျွန်းမြေများကို ရွာသားများမြေငှါး ရမ်းကာ ဖရဲ၊အာလူး၊ ပြောင်းစသည့် သီးနှံများ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

၁.၃.၂။ ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	
အခြား	မရှိ	
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	မရှိ	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄-၁၆ရက်၊ဇူလိုင်လ၊၂၀၁၅နှစ်)

၁.၄။ ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅)ဥစ္စာဓနအဆင့် အနေအထား

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	ယာ(၁)ဧကအထက်လယ်(၄)ဧကအထက်	လယ်(၄)ဧကအောက် ယာ(၁)ဧကအထက်	လယ်(၁)ဧက သို့ ယာ (၁) ဧက	နေအိမ်ဝိုင်းသာရှိခြင်း
အိမ်အခြေအနေ	တိုက်အိမ်	တိုက်အိမ်	သွပ်မိုး၊ ဝါးထရံကာ	ဝါးအိမ်
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	(ထွန်စက်ငယ်) ထွေလာဂျီ၊နွားထွန်	ကွန်ဒေါင်း(ထွန်စက်ငယ်) ကွဲ၊နွား၊ ဆန်စက်	နွား၊ ထွန် ၊ထယ်	တံစဉ်၊ ဓား၊ ခမောက်
ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သောပိုင်ဆိုင်မှု	ရွှေရှိ ဘဏ်စုငွေရှိ ဆန်စက် ဆီစက် ရေခဲသေတ္တာကားဆိုင်ကယ်	တီဗွီ ရေခဲသေတ္တာ ဆိုင်ကယ် ဖုန်း	ဆိုင်ကယ် ခေါက်တီဗွီ ဖုန်း	ရေဒီယို ခေါက်တီဗွီ ဖုန်း

သတ်မှတ်စံနှုန်း

အကြောင်းအရာ	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
အခြားပိုင်ဆိုင်မှု	ကုန်စုံဆိုင် အရောင်းအဝယ်	အရောင်းအဝယ် ကုန်စုံဆိုင်	-	-
အိမ်ထောင်စု	၆ (၃%)	၁၂ (၆%)	၁၁၃(၅၄%)	၇၇ (၃၇%)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄-၁၆ရက်၊ဇူလိုင်လ၊၂၀၁၅နှစ်)

ဝမ်းစာဖူလုံမှု

အောက်ပါဇယားသည်မုတ်လွဲကျေးရွာ၏ အဆင်းရဲဆုံးအိမ်ထောင်စု(ဃ)အဆင့်(၇၇)အိမ်မှ အိမ်ခြေ(၃၀)အား တစ်ဦးချင်းစီစစ်တမ်း ကောက်ယူမေးမြန်းဆွေးနွေးထားသောစာရင်းဖြစ်ပါသည်။

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၂၆	၈၇	ငွေတိုးပေးစားသူထံ မှချေး ယူခြင်း၊ မိတ်ဆွေနှင့် ဆွေမျိုးများထံမှချေးယူခြင်းဖြင့်ဝမ်းစာဖူလုံရန် ဖြေရှင်း ကြရပါသည်။
၃ လနှင့် ၅ လအထိ	၃	၁၀	အရေးပေါ် ငွေလိုအပ်ပါက ငွေတိုးပေးစားသူ ဆွေမျိုးနှင့် မိတ်ဆွေများထံမှ ငွေချေးယူ၍ဖြေရှင်းကြပါသည်။
၆လမှ၁၂လအထိ	၁	၃	ငွေလိုအပ်သောအခါဆွေမျိုးနီးစပ် များထံမှ ငွေချေးယူခြင်း၊ ငွေတိုးပေးစား သူများထံမှ ချေးယူခြင်း၊ အပေါင်ဆိုင် များမှချေးယူခြင်း ဖြင့် ဝမ်းစာဖူလုံမှုရရန် ဖြေရှင်းကြပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း အချက်အလက်များ (၁၄-၁၆ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။ ။ဝင်ငွေနည်းသော ကာလဖြစ်သည့် (ဧပြီ၊မေ၊ဇွန်၊ ဇူလိုင်၊သြဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ)လများတွင် ဝမ်းစာဖူလုံရန်အတွက် ငွေချေးကြရသည်။ ရွာအတွင်း ငွေချေးယူနိုင်သော နေရာများမှာ အပေါင်ဆိုင်၊ ငွေချေးစားသူများနှင့် ဆွေမျိုးများထံတွင် ချေးယူခြင်း၊ လုပ်အားကြို ရောင်းခြင်း၊ စပါးကြိုရောင်းခြင်း (စပါးစိမ်းရောင်းခြင်း)၊ သမအသင်းတွင် ချေးခြင်း ဖြင့်ဖြေရှင်းကြသည်။

၁.၅.၁။ ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား (၇) ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀ နှစ် နှင့်အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၂	၂	၄
မသန်စွမ်းသည့်ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ		၁	၁
			အိမ်ထောင်စုအရေအတွက်	
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		(၄၁)အိမ်	
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ		(၁၀)အိမ်	
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ		(၄၀)ဦး	

ရည်ညွှန်း ..တစ်အိမ်တက်ဆင်းကောက်ယူရရှိခဲ့သော အခြေခံစာရင်းဇယားများအရ (ဆယ်အိမ်မှူးများကောက် ယူထားခြင်း) (၁၄-၁၆ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

၁.၅.၂။ ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်လူဦးရေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(နိမ့်/ လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	ဧပြီလနှင့်ဇွန်လများတွင် ရာသီလုပ်ငန်းများ ရှားပါးခြင်းနှင့် ထွက်ငွေများပြားခြင်းကြောင့် ဖြစ်ပါသည် ။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...)	လတ်	ယာသီးနှံလယ် စပါးတိုးချဲ့ စိုက်ပျိုးရေးတို့အတွက်မြေလွတ် မြေရိုင်းဧရိယာများ ရှာပတ်ဝန်းကျင်တွင်မရှိတောပါ။နွားတိုးမြှင့် မွေးမြူရေး အတွက်လည် စာကျက် မရှိတော့ပါ။
၃	ရေကြီးခြင်း	နိမ့်	(၂၅)နှစ်တစ်ကြိမ် ဧရာဝတီမြစ်ရေကြီးပြီးကြိုတင်ပြင်ဆင်မှု မရှိကြသဖြင့်မိသားစု ပိုင်ဆိုင်မှုများပျက်စီးခဲ့ပါသည်။
၄	မိုးခေါင်ခြင်း	လတ်	အချို့နှစ်များတွင် မိုးနောက်ကျတတ်သောကြောင့်စပါးအထွက်နှုန်းထိခိုက်လေ့ရှိပါသည်။
၅	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	နိမ့်	ဓာတ်မြေဩဇာများ အသုံးပြုသဖြင့်မြေဆီလွှာ ပြုန်းတီးနိုင်။
၆	သစ်တောပြုန်းတီးခြင်း	နိမ့်	ယခင်ရှိခဲ့ သစ်ပင်ကြီးများရှားပါး လာခြင်း

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(နိမ့်/ လတ်/မြင့်)	မှတ်ချက်
၇	ငှက်ဖျားရောဂါ	နိမ့်	ငှက်ဖျားရောဂါ(စီ)အဆင့်သာရှိသည်။
၈	တီဘီရောဂါ	လတ်	နွားနို့စိမ်း သောက်ခြင်းကြောင့် ဖြစ်နိုင်ခြေများပါသည်။
၉	ကိုယ်ခံအားကျဆင်းမှုရောဂါ	လတ်	မူးယစ်ဆေးဝါးရောင်းဝယ်မှု ရှိသဖြင့်ရောဂါဖြစ် နိုင်သည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

၁.၅.၃။ မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း

ဇယား(၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု(နိမ့်/ လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	လတ်	ရွာတွင်မူးယစ် ဆေးဝါးရောင်းဝယ်မှုများရှိသဖြင့် အလုပ်လက်မဲ့ ဖြစ်နေသောလူငယ်များအတွက် စိုးရိမ်ရသည်။
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	လတ်	ဘေးကင်းလုံခြုံမှု နှင့်ဝမ်းစာမဖူလုံမှု စသည်တို့ ပြည့်ဝမှုမရှိသော အခြေအနေတွင်ရှိသည်။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	လတ်	တောင်သူမိသားစုများသည် ဧပြီမှဇွန်လအထိ ဝမ်းစာခက်ခဲမှုရှိပါသည်။ ယင်းများတွင်ရာသီ လုပ်ငန်းများရှားပါးခြင်းနှင့် ပွဲတော်များခြင်း၊ စိုက်ပျိုးရန် အတွက်အသုံးပြုရသဖြင့် ထွက်ငွေများမှုတို့ကြောင့် ဖြစ်ပါသည်။
၄	မြစ်ကမ်းဘေးနေလူထု	နိမ့်	ဧရာဝတီမြစ်ကမ်းနဘေးတွင် နေထိုင်သူများမှာ နှစ်စဉ်မြစ်ကမ်း ပြိုမှုများနှင့်ရင်ဆိုင်နေကြရသဖြင့် အချို့မှာ ကုန်ပိုင်းသို့ပြောင်း ကြသည်။
၅	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	နိမ့်	မူးယစ်ဆေးဝါးရောင်းချသောနေရာ ရွှေတွင်းလုပ်သော နေရာများ မြစ်ကမ်းဘေး။
၈	ငါးကန်ပိုင်ရှင်	နိမ့်	တစ်ရွာလုံးတွင်(၂)ဦးသာရှိသည်။ မြစ်ရေများသည့် အချိန် တွင် နစ်နာမှုများနှင့်ရင်ဆိုင်ကြရသည်။
၉	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	လုပ်ငန်းရှားပါးသည့်အချိန် မကျန်းမာသည့် အချိန်တို့တွင် ဝင်ငွေ မရသဖြင့် ဝမ်းစာဖူလုံမှုထိခိုက်နိုင်
၁၀	ဒေသတွင်းပဋိပက္ခဧရိယာ	လတ်	ခိုးမှု လုယက်မှု အနုကြမ်းစီးမှု ဓားပြမှုများရှိသဖြင့် ပဋိပက္ခ ဖြစ် နိုင်ဖွယ်ရှိပါသည်။
၁၁	ရွှေတွင်းလုပ်သား	လတ်	ကူးစက်ရောဂါဖြစ်ပွားမှုများပြီ အသက်အန္တရာယ် ထိခိုက် မှုရှိနိုင်
၁၂	ဆေးစွဲသူများ	မြင့်	မူးယစ်ဆေးဝါးရောင်းဝယ်မှုရှိခြင်းကြောင့်လွန်ကြူးစွာသုံးစွဲသောသူများအသက်သေဆုံးခဲ့ကြသည်၊

စဉ်	အမျိုးအစား	ထိခိုက်မှု(နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၃	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်	ဆေးစွဲသူများ ပြောင်းရွှေ့လုပ်သားများ ကူးစက်ရောဂါနှင့်ပတ်သက်သောဗဟုသုတများမရှိကြသဖြင့်စိုးရိမ်းရသည်
၁၄	လှည့်လည်သွားလာ၍ဈေးရောင်း သူများ	လတ်	မိသားစုစားဝတ်နေရေခက်ခဲသွားနိုင်ပါသည်။
၁၅	ရွှေ့ပြောင်းလုပ်သားများ	လတ်	မူးယစ်ဆေးစွဲနိုင် ကူးစက်ရောဂါ ရရှိနိုင်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

၂။ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

၂.၁။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

၂.၁.၁။ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ ကျား	မ	ပေါင်း	လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု(၆/၇/၈)
၁	ရွာမ်းယဉ်ကျေးမှုအဖွဲ့	၂	၃	-	၃	လူမှုရေး	၄	သင့်
၂	ရပ်မိရပ်ဖအဖွဲ့	၂	၂	-	၂	။	၂	ကောင်း
၃	မိဘဆရာအသင်း	၂	၈	-	၈	ပညာရေး	၅	သင့်
၄	ဂေါ်ရခါး ဂေါပကအဖွဲ့	၃	၁၅	-	၁၅	ဘာသာရေး	၄	ကောင်း
၅	ဂေါ်ရခါးအမျိုးသမီးအဖွဲ့	၂	-	၇	၇	လူမှုရေး	၄	သင့်
၆	ဂေါ်ရခါးနာရေးကူညီမှုအဖွဲ့	၂	၄	-	၄	နာရေး	၄	သင့်
၇	ဂေါ်ရခါးပညာရေး အဖွဲ့	၂	၂	-	၂	ပညာရေး	၄	သင့်
၈	ဂေါ်ရခါးလူငယ်အဖွဲ့	၂	၃	-	၃	လူမှုရေး	၄	သင့်
၉	ရွာမ်းဂေါပကအဖွဲ့	၃	၄	-	၄	ဘာသာရေး	၄	သင့်
၁၀	ရွာမ်းပေါ်ခိန်မယ်ခိန် (အမျိုးသား၊ အမျိုးသမီးကြီးများအဖွဲ့)	၂	၄	၃	၇	လူမှုရေး	၄	သင့်

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ ကျား	မ	ပေါင်း	လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု(၆/၇/၈)
၁၁	ရှမ်းလူမှုကူညီရေး	၂	၂	-	၂	။	၄	သင့်
၁၂	ရှမ်းလူငယ်အဖွဲ့	၂	၃	၃	၆	။	၄	သင့်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆ရက်၊ဇူလိုင် လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။ မုတ်လွဲကျေးရွာတွင် မီရိုးဖလာဖွဲ့စည်းထားခဲ့သော ဘာသာရေး၊ဂေါပကအဖွဲ့များ၊ လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့များသည် ကျေးရွာအတွက်ၔင်းတို့တာဝန်ယူသည် လုပ်ငန်းများတွင် ကောင်းမွန်စွာဆောင်ရွက်လျှက်ရှိသည်။ နဒီဧရာသမအသင်း၊ စိန်ရွှေဝါသမအသင်း၊ မိခင်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ စသောပြင်ပမှဦးဆောင်မှုဖြင့်ဖွဲ့ထားသော အဖွဲ့များသည် မီရိုးဖဘာဖွဲ့ထားသောအဖွဲ့များနှင့် နှိုင်းယှဉ်ကြည့်လျှင် စွမ်းဆောင်မှုနှင့် ရေရှည် တည်မြဲမှုအားနည်းမှုသည်ကိုလည်တွေ့ရသည်။ ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အထောက်အကူ ပြုအဖွဲ့ရှိသည်။ အထူးထင်ရှားသည်မှာ တစ်ရွာလုံးဘက်စုံလွှမ်းခြုံသော ဖွံ့ဖြိုးရေးကိစ္စကို စီမံ ဆောင်ရွက်မည့် အဖွဲ့အစည်းမရှိသည်ကို တွေ့ရပါသည်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

၂.၁.၂။ ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	World Concern	၂	ကျန်းမာရေးလုပ်ငန်းများကို ကျေးရွာနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

၂.၃။ စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

၂.၃.၁။ စိုက်ပျိုးရေးသီးနှံ

၂.၃.၁.၁။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

ဇယား(၁၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင် စု%	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၇၇	၃၇	မြေယာမဲ့များနှင့်လယ်ငှား လုပ်သူ (၆)ဦးမှာ ပုံမှန်ဝင်ငွေ နည်းသော လုပ်ငန်းများ လုပ်ကိုင်ရသဖြင့်စားဝတ်နေရေး အတွက် ဖူလုံမှုမရှိ။
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	၃၃	၁၇	ဆင်းရဲသားတောင်သူများမှာ ဝမ်းစာဖူလုံမှုမရှိခြင်း
၃	၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ)	၂၅	၁၂	တောင်သူများမှာအထွက်နှုန်းနဲ့သဖြင့်ဝမ်းစာမလုံလောက်ခြင်း
၄	၅ဧကမှ၁၂.၅ဧကကြား(၅ဟတ်တာ ထိ)	၆၀	၂၈	အလယ်အလတ်စားတောင်သူများမှာ စိုက်ပျိုးစရိတ်များအကြွေးတင်ခြင်းခံနေကြရ သည်
၅	၁၂.၅ဧကအထက်(၅ဟတ်တာနှင့် အထက်)	၁၃	၆	တောင်သူကြီးများမှာဝမ်းစာဖူလုံရုံမကပျိုးထောင်ချိန်တွင်မျိုးများကိုဈေးကောင်းဖြင့်ရောင်းချ ကြ ရပါသည်။
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၂၀၈	၁၀၀ %	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

၂.၃.၁.၂။ အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃)ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့်ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု(တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည်	အစိုးရ	၂၄၁	ရာသီအလိုက်
၂	လက်ငင်ရေတွင်း	ပုဂ္ဂလိက	၁၅၅	အိမ်ခြံဝင်းစိုက်ပျိုးရေးအတွက်သာရရှိသည်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

ဝါရောင်ဆည်မမိုးစပါးစိုက်ပျိုးရန်အတွက်သာရေရှိပြီး မိုးနှောင်းမိုးခေါင်သော နှစ်များတွင် စပါးအောင်ရေမရပါ။ ယခင်ကဆိုလျှင်ဆည်ရေအလုံအလောက်ရရှိသည့်အတွက် နွေစပါးစီမံကိန်းပင်စိုက်ပျိုးနိုင်ပါသည်။ ဆည်ရေလုံလောက်စွာရရှိမည်ဆိုလျှင် မိုးစပါးအောင်ရေ သေချာရုံမက သီးထပ် စိုက်ပျိုးရနိုင်ပါသည်။

၂.၃.၁.၃။ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံ စိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက်(နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျှမ်းမျှ				
စပါး	၆၆၀	တင်း	၂၀	၆၀	၅၀	ဇူလိုင်လ	မြင့်	နိမ့်	ကုန်သည်လက်ဝါကြီးအုပ်
ပြောင်း	၇၀	တင်း	၂၅	၅၀	၄၀	မိုး-ဧပြီလ ဆောင်း-အောင်တိုဘာ	မြင့်	နိမ့်	သွင်းအားစုဈေးမြင့်သောကြောင့်
အာလူး	၁၀၀	ပိဿာ	၆၀၀	၁၃၀၀	၈၀၀	ဖေဖော်ဝါရီ	လတ်	မြင့်	ဈေးကောင်းရလျှင်
နှမ်း	၆၀	တင်း	၅	၁၀	၇	ဩဂုတ်လ	လတ်	သင့်	ကုန်သည်အလေးချိန်မမှန်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆ရက်၊ ဇူလိုင်လ၊ ၂၀၁၅နှစ်)

မှတ်ချက်။ ဝါရောင်ဆည်ကိုစနစ်တကျပြုပြင်ပါက သီးထပ်စိုက်ပျိုးနိုင်သည့်အပြင်(၁)ဧက အထွက်နှုန်းလည်း တိုးတက်လာမည်ဟု ယုံကြည်ပါသည်။ စပါးစိုက်ဧက(၆၆၀)ဧကရှိပြီး၊ ပြောင်းစိုက်ဧက(၁၀)ဧက ရွာတွင်းတွင်ရှိပြီး၊ အခြားရွာကွင်းတွင်(၆၀)ဧက၊ အာလူးစိုက်ဧက ရွာတွင်း

တွင်(၄၀)ဧကရှိပြီး အခြားရွာတွင်(၆၀)ဧက၊ နှမ်းမှာ မုတ်လွဲရွာအတွင်းတွင် မစိုက်ဘဲအခြား ကျေးရွာတွင်မုတ်လွဲရွာမှစိုက်ဧက(၆၀)ရှိပါသည်။

၂.၃.၁.၄။ လယ်ယာသုံးစက်ကိရိယာများ

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ရိတ်သိမ်းစက်	၂	၂	တစ်အိမ်ထောင်စုချင်း
လက်တွန်းထွန်စက်	၁၄	၁၄	တောင်သူပိုင် တစ်အိမ်ထောင်စုချင်း

ရည်ညွှန်း .. တစ်အိမ်တက်ဆင်းကောက်ယူရရှိခဲ့သော အခြေခံစာရင်းဇယားများအရ(ဆယ်အိမ်မှူးများကောက်ယူထားခြင်း)(၁၃-၁၅ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

၂.၃.၁.၅။ သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ)	ရှိ	မြေဩဇာအသင့်အတင့် ကောင်းသောလယ်ယာမြေများဖြင့်သည်
ရေအရင်းအမြစ်	ရှိ	နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ မွေးမြူရေးအတွက်တိရစ္ဆာန်သောက်ရေကိုလွယ်ကူစွာရရှိ၊ ဘုံဘိုင်တွင်းများ၊ ရေချောင်းများ၊ ဧရာဝတီမြစ်စသည့်တို့တွင်ရရှိနိုင်ပါသည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	ဂေါ်ရခါးအများစုမှာ အိမ်ခြံဝန်းအတွင်း တစ်ပိုင်တစ်နိုင် နွားမွေးသဖြင့်ရရှိနိုင်ပါသည်။
သြဂဲနစ်ပိုးသတ်ဆေး	ရှိ	တမာပိုသတ်ဆေးကိုစတင်သုံးနေသော တောင်သူတစ်ဦးရှိသည်
ချေးငွေရရှိမှု	ရှိ	စိုက်ဘဏ်မှ ပိုင်ဆိုင်သော လယ်ဧကအလိုက်နှစ်စဉ် ချေးငွေရရှိနိုင်သည်
သွင်းအားစုဈေးကွက်	ရှိ	ရွာဆန်စက်တွင်ဖွဲဆန်ကွဲရ လွယ်ဆေးဝါးပစ္စည်းကိုဝိုင်းမော်မှရရှိမြစ်ကြီးနားဈေးကွက်တွင်ဝယ်ယူနိုင်။
ဝန်ဆောင်မှုဈေးကွက်	ရှိ	ရွာအရောက်ဝယ်ယူသောကုန်သည်များရှိသည်
မြေနေရာလုံလောက်မှု	ရှိ	၁ဧက အနည်းဆုံးကျယ်ဝန်းသည့်အတွက် မိသားစုတစ်နိုင် မွေးမြူရေး ဆောင်ရွက်နိုင်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၁၃-၁၅ရက်၊ ဇူလိုင် လ၊၂၀၁၅ နှစ်)

၂.၃.၁.၆။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	စိုက်ပျိုးမြေတိုးချဲ့ရန်မရှိခြင်း
ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု	ရှိ	အတိုးနှုန်းများခြင်းနှင့် လိုအပ်သလောက်ချေးခွင့်မရရှိခြင်း ကာလသတ်မှတ်ထားခြင်းတို့ကြောင့် အခက်အခဲကြုံရ
သွင်းအားစုတတ်နိုင်မှု	ရှိ	အချိန်မီထွန်ယက် စိုက်ပျိုးနိုင်သည့်လုပ်အားနှင့် စက်ကိရိ ယာများအခက်အခဲကြောင့်
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	စိုက်ပျိုးရေးနည်းစနစ်များထည့်သွင်းခြင်းမရှိဘဲ မီရိုးဖလာစိုက်ပျိုးနေခြင်း
ဆည်မြောင်းရေရရှိမှု	ရှိ	လယ်မြေထက်ဝက်ခန့် စပါးအောင်ရေမရရှိပါ
မိုးရေမလုံလောက်မှု	ရှိ	မိုးခေါင်သောနှစ်လယ်မြေများတွင်ဆုံးရှုံးမှုများခြင်း
စိုက်ပျိုးရေးသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု	ရှိ	ချေးငွေအချိန်မီမရရှိခြင်းတို့ကြောင့် သွင်းအားစုပြည့်ဝစွာမစုဆောင်းနိုင်ခြင်း
ဖျက်ပိုးနှင့်ရောဂါ	ရှိ	စပါးဖူးချိန်တွင်ခရု၊ ဂဏာန်းများကိုက် ဖျက်ခြင်းခံနေရသည်
နည်းပညာအကူအညီနှင့်နည်းလမ်းများ	မရှိ	ချိတ်ဆက်ဆောင်ရွက်ခြင်းမရှိခြင်း
ဈေးကွက်လက်လှမ်းမှီမှု	ရှိ	ကုန်သည် ပွဲစားချုပ်ကိုင်မှုရှိ
အစိုးရမူဝါဒနှင့် အစီအစဉ်	ရှိ	လွတ်လပ်စွာကုန်သွယ်ခွင့်အားနည်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄-၁၆ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

၂.၃.၂။ မွေးမြူရေးနှင့်ငါးလုပ်ငန်း

၂.၃.၂.၁။ မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း (အိမ်ထောင်စု)

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၉၅	၄၆၅ ကောင် တပိုင်တနိုင်မွေးမြူခြင်း။
ဆိတ်	၃၇	၇၉ကောင်။
ဝက်	၂၃	၂၃ကောင်
ကြက်	၁၈၂	၁၉၃၄ကောင်
ဘဲ	၁၅	၃၂ကောင်
ငါးလုပ်ငန်း		
ငါးကန်	၂	ရေလုံလောက်စွာမရရှိသဖြင့် ဆက်လက်လုပ်ကိုင်မှုမရှိ ရပ်ဆိုင်းထား။

ရည်ညွှန်း ..တစ်အိမ်တက်ဆင်းကောက်ယူရရှိခဲ့သော အခြေခံစာရင်းဇယားများအရ(ဆယ်အိမ်မှူးများကောက် ယူထားခြင်း) (၁၄-၁၆ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) တစ်အိမ်ချင်းစာရင်းများအရ

၂.၃.၂.၂။ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်းများ	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ	ယခင်ကရှိခဲ့သော်လည်း စာကျက်မြေနေရာအား အောင်မြေ(၁)ရွာ တည်သဖြင့်စာကျက်မြေပျောက်ဆုံးခဲ့ရ။
ရေရရှိမှု	နွား၊ ဆိတ်၊ ဝက် ကြက်မွေးမြူရေးအတွက် တိရစ္ဆာန်သောက်ရေကို လွယ်ကူစွာရရှိနိုင် ဘုံဘိုင်တွင်းများ ရေချောင်းနှင့် ဧရာဝတီမြစ်။
တိရစ္ဆာန်မျိုး	ဝက်၊ နွားမျိုးကောင်းရှိရေး ချိတ်ဆက်ရမည့်နေရာများရှိ ဝက်သားဖောက်များ ငါးမျိုးများကို မွေးကုဉီးစီးမှဝယ်ယူနိုင်။
ချေးငွေ	လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ နဒီဧရာ စိမ်းရွေ့ပါ သမအသင်းများမှ ၁ကျပ် ၁၅ပြား အတိုးနှင့်ချေးယူနိုင်
သွင်းအားစုဈေးကွက်	ရွာဆန်စက်မှ ဖွဲ ဆန်ကွဲရလွယ် ဆေးဝါးပစ္စည်းများကို ဝိုင်းမော်နှင့်မြစ်ကြီးနားမြို့ မှဝယ်ယူနိုင်။
ဝန်ဆောင်မှုဈေးကွက်	ထုတ်ကုန်များ ဥပမာ-နို့ အသားများဖြန့်ဖြူးရန် ကုန်သည်များရှိ အစာနှင့် ဆေးဝါး ရောင်းချသည့်ဆိုင်များသို့ လက်လှမ်းမှီ။
ထုတ်ကုန်ရောင်းဝယ်မှု	တရုတ်နိုင်ငံလိုင်ဇာဈေးကွက်သို့တင်ပို့ရောင်းချနိုင်။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	၁ဧကအနည်းဆုံးကျယ်ဝန်းသည့်အတွက်မိသားစုတစ်နိုင်မွေးမြူရေးအတွက် ဆောင်ရွက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄-၁၆ရက်၊ဇူလိုင်လ၊၂၀၁၅နှစ်)

အဓိကမွေးမြူရေးလုပ်ငန်းမှာ နို့စားနွားမွေးမြူခြင်းနှင့် ဆိတ်မွေးမြူခြင်းတို့ဖြစ်ပါသည်။ ၄င်းလုပ်ငန်းများကို ဂေါ်ရခါးမိသားစုများက လုပ်ကိုင်ကြပြီးအကယ်၍ ငါးမျိုးနှင့်လိုင်စင်ရရှိရန် လွယ်ကူပါက ငါးမွေးမြူရေးလုပ်ငန်းကိုပါ ယခင်ကထက် ပိုမိုလုပ်ကိုင်လာနိုင်မည်။

၂.၃.၂.၃။ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား(၂၀)မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

